## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

# ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်

# **လမ်းညွှန်ချက်**

နေပြည်တော်

စာအမှတ်၊ ၄၀၄ /ရွေးချယ်ရေး(အဓိက)၂၀၂၂
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၈ ရက်

ကန့်သတ်

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | ကြော်ငြာထုတ်ပြန်ကြေညာခြင်း | ၁ |
| ၃ | လျှောက်လွှာတင်သွင်းခြင်း | ၂ |
| ၄ | ဝင်ကြေးငွေပေးသွင်းခြင်း | ၄ |
| ၅ | ရေးဖြေစာမေးပွဲဖြေဆိုခွင့်ပြုခြင်း | ၄ |
| ၆ | အရည်အချင်းစစ်ဆေးခြင်း | ၅ |
| ၇ | စိတ်အခြေအနေစစ်ဆေးရန်နှင့် လူတွေ့နှုတ်ဖြေစစ်ဆေးရန် ခေါ်ယူခြင်း | ၆ |
| ၈ | အထူးသတိပြုရန်အချက်အလက်များ | ၇ |
| ၉ | စုံစမ်းမေးမြန်းခြင်း | ၉ |
| ၁၀ | အထွေထွေ | ၉ |

| | | |
|---|---|---|
| နောက်ဆက်တွဲ(က) | - ပြည်ထောင်စုရာထူးဝန်အဖွဲ့မှခေါ်ယူသောရာထူးများအတွက် လျှောက်လွှာပုံစံ | ၁၀ |
| နောက်ဆက်တွဲ(ခ ) | - ပြည်ထောင်စုရာထူးဝန်အဖွဲ့ကစစ်မေးသည့်ရေးဖြေစာမေးပွဲ၏ မေးခွန်းများနှင့်သက်ဆိုင်သော အချက်အလက်များ | ၁၇ |



ကန့်သတ်

ကန့်သတ်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့က
## ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်
## လမ်းညွှန်ချက်

**နိဒါန်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများသည် e–Recruitment & Selection System (UCSB e–RSS Mobile Application နှင့် UCSB e–RSS Web Based)တို့ကို အသုံးပြု၍ Online ဖြင့် လျှောက်ထားရမည်ဖြစ်ပါသည်။ UCSB e–RSS စနစ်တွင် အသုံးပြုရမည့်နည်းလမ်းများ၊ ဖြည့်စွက်ဖော်ပြရမည့် အချက်အလက်များ၊ Attached File ဖြင့် ပူးတွဲပေးပို့ရမည့် စာရွက်စာတမ်းများ၊ လျှောက်လွှာတင်သွင်းပုံ နည်းစနစ်၊ စာမေးပွဲဝင်ကြေးငွေပေးသွင်းပုံ၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်း၊ အရည်အချင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သော လိုက်နာရန် လမ်းညွှန်ချက်များကိုလည်းကောင်း၊ အရည်အချင်းစစ်ရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းတွင် မေးမြန်းမည့် မေးခွန်းဆိုင်ရာဘာသာရပ်များနှင့် သက်ဆိုင်သော လေ့လာရန်လိုအပ်သည့် အချက်အလက်များနှင့် အခြားသိသင့်သိထိုက်သည်များကိုလည်းကောင်း ဤလမ်းညွှန်ချက်တွင် ရေးသားဖော်ပြထားပါသည်။

**ကြော်ငြာထုတ်ပြန်ကြေညာခြင်း**

၂။ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအသီးသီးမှ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူးအတွက် စစ်ဆေး၊ ရွေးချယ်ပေးရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းသည့်အခါ ပြည်ထောင်စုရာထူးဝန်အဖွဲ့က အဆိုပါရာထူးနေရာများအတွက် ကြော်ငြာကို ထုတ်ပြန်၍ လျှောက်လွှာများခေါ်ယူပါသည်။

၃။ ကြော်ငြာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၏ ကြော်ငြာသင်ပုန်းများတွင်လည်းကောင်း၊ အဖွဲ့၏ Website ဖြစ်သော www.ucsb.gov.mm နှင့်



ကန့်သတ်

Myanmar National Web Portal တို့တွင်လည်းကောင်း၊ နေ့စဉ်ထုတ်ဝေသည့် နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့တွင် ကြော်ငြာထည့်သွင်းဖော်ပြ၍လည်းကောင်း ထုတ်ပြန်ကြေညာသွားပါမည်။

၄။ ကြော်ငြာတွင် ရာထူးလစ်လပ်သည့် ဌာန၊ ရာထူးအမည်၊ လစ်လပ်ဦးရေ၊ လိုအပ်သည့် အရည်အချင်းများ၊ လျှောက်လွှာပိတ်ရက်၊ အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည့် နေ့ရက်၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေ့ရက်စသည်တို့ကိုသာ ဖော်ပြထားမည်ဖြစ်ပါသည်။

**လျှောက်လွှာတင်သွင်းခြင်း**

၅။ ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်ထားလိုသူများသည် e-Recruitment & Selection System (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based)တို့ကို အသုံးပြု၍ အောက်ပါအတိုင်း လျှောက်ထားရပါမည်-

(က) UCSB e-RSS Mobile Application ကို အသုံးပြု၍လျှောက်ထားသူများအနေဖြင့် Google Play Store နှင့် Apple Store တို့မှ တဆင့် Download ရယူ၍ အသုံးပြုရန် (သို့မဟုတ်) UCSB e-RSS Web Based အသုံးပြု၍ လျှောက်ထားသူများအနေဖြင့် http://e-Recruitment.ucsb.gov.mm သို့ ဝင်ရောက်ကာ မှတ်ပုံတင်ပြုလုပ်ပြီး စနစ်တွင် ကိုယ်ပိုင် Account တစ်ခုတည်ဆောက်ရပါမည်။

(ခ) မှတ်ပုံတင်ပြုလုပ်ရန်အတွက် လျှောက်ထားသူ၏ ကိုယ်ပိုင် e-mail ကို အသုံးပြုရမည်ဖြစ်ပါသည်။

(ဂ) ကိုယ်ပိုင် Account တည်ဆောက်ပြီးပါက လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်ကို ပြည့်စုံမှန်ကန်စွာဖြည့်သွင်းရပါမည်။ ဖုန်းနံပါတ်အား ဖြည့်သွင်းရာတွင် လက်ရှိအသုံးပြုလျက်ရှိသည့် ဖုန်းနံပါတ်သာ ဖြည့်သွင်းရမည်။

(ဃ) လျှောက်ထားသူသည် အလုပ်လျှောက်ထားသည့်အခါ မိမိလျှောက်ထားလိုသည့် လစ်လပ်ရာထူး၊ ဖြေဆိုလိုသည့်စာစစ်ဌာနတို့ကို သေချာစွာရွေးချယ်ပြီး လျှောက်ထားနိုင်ပါသည်။ e-RSS စနစ်ဖြင့် လျှောက်လွှာတင်ရာတွင် မိမိတို့၏ အချက်အလက်များနှင့် မိမိတို့လျှောက်ထားသော အလုပ်များကိုက်ညီမှုရှိ မရှိ ကို စနစ်မှ သေချာရွေးချယ်ပြီး လျှောက်ထားရမည်ဖြစ်သည်။ မှားယွင်း လျှောက်ထား မိပါက စနစ်မှ auto verify လုပ်သောကြောင့် လျှောက်လွှာတင်ခွင့်မရခြင်းများကို စနစ်မှအသိပေးမည်ဖြစ်သည်။ မိမိလျှောက်လိုသော လစ်လပ်၊ ရာထူးများ ရွေးချယ်ပြီးလျှင် စာမေးပွဲဝင်ကြေးပေးသွင်းထားသည့် ချလန်တို့ကို ဖြည့်သွင်းပြီး ပါက အသုံးပြုသူ၏ ဖုန်းနံပါတ်အတွင်းသို့ Verification Code ပေးပို့မည်ဖြစ်ပြီး Code ကိုဖြည့်သွင်း၍ Verify ပြုလုပ်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် လျှောက်ထား သူသည် ကိုယ်ရေးအချက်အလက်ထည့်သွင်းရာတွင် ဖုန်းနံပါတ်ကို မိမိတို့အမှန် တစ်ကယ် အသုံးပြုသောဖုန်းနံပါတ်သာ ဖြည့်သွင်းရမည်ဖြစ်ပါသည်။

(င) ပေးပို့ရမည့်အချက်အလက်များ ပြည့်စုံပါက e-RSS စနစ်ဖြင့် အလုပ်လျှောက်ထား ခြင်းအား လက်ခံရရှိကြောင်း e-RSS ရှိ လျှောက်ထားသူ၏ ကိုယ်ပိုင် Account notification မှတဆင့် အကြောင်းပြန်ကြားပေးပါမည်။

(စ) Account Registration ပြုလုပ်ပုံအဆင့်ဆင့်နှင့် အလုပ်လျှောက်လွှာတင်သွင်းပုံ လုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တွင်ပါရှိသည့် User Guide အား Download ရယူ၍ ဖတ်ရှုလေ့လာကာ စနစ်အတွင်းသို့ ဝင်ရောက်ဆောင်ရွက်နိုင်ပါသည်။ စနစ်အား အသုံးပြုရာတွင် မြန်မာယူနီကုဒ်( ပြည်ထောင်စုစာလုံး Pyidaungsu Font) တစ်မျိုးတည်းကိုသာ အသုံးပြုရပါမည်။

(ဆ) ရာထူးလျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပေးပို့ရမည်–

(၁) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ(ဘွဲ့လက်မှတ်/ နောက်ဆုံးနှစ်အမှတ်စာရင်းစသည်) (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(၂) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်/ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(၃) ပြင်ပပုဂ္ဂိုလ်(လက်ရှိနိုင်ငံ့ဝန်ထမ်းမဟုတ်သူ)များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(သက်တမ်းမကုန်သေးသည့် အလုပ်သမားမှတ်ပုံတင်မိတ္တူ ဖြစ်ရမည်။)

(၄) လူမှုရေးဆောင်ရွက်ချက်များ

(၅) စာမေးပွဲဝင်ကြေးငွေ ပေးသွင်းသည့်ပြေစာ/ ချလန်

(၆) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)

**ဝင်ကြေးငွေပေးသွင်းခြင်း**

၆။ သတ်မှတ်စာမေးပွဲဝင်ကြေးငွေကို အောက်ပါနည်းလမ်းအတိုင်း ပေးသွင်းရမည် – စာမေးပွဲဝင်ကြေးပေးသွင်းရာတွင် နည်းလမ်းနှစ်မျိုးဖြင့် ပေးသွင်းနိုင်ပါသည်။

(၁) ပထမတစ်နည်းမှာ Online Banking စနစ်ဖြင့် ပေးသွင်းခြင်း ဖြစ်ပါသည်။ Online Banking စနစ်ဖြင့် ပေးသွင်းရာတွင် CB Pay, JCB, VISA တို့ဖြစ်သော payment method (၅)မျိုးဖြင့် ပေးသွင်းနိုင်ပါသည်။

(၂) ဒုတိယနည်းမှာ Mannual စနစ်ဖြင့် ပေးသွင်းခြင်းဖြစ်ပါသည်။ Mannual ပေးသွင်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(က) နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ဖွင့်လှစ်ထားရှိသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သွင်းငွေသက်သက်စာရင်းသို့ စာမေးပွဲဝင်ကြေးငွေများကို **လျှောက်လွှာပိတ်ရက်မတိုင်မီ** ပေးသွင်းရပါမည်။

(ခ) အချိန်မီပေးသွင်းထားသော ငွေသွင်းချလန်များကို e-RSS စနစ်တွင် attached file ဖြင့် ပူးတွဲ၍ ပေးပို့ရပါမည်။**[ချလန်မူရင်းအား လူတွေ့ဖြေဆိုချိန်၌ ယူဆောင်လာရမည်။]**

(ဂ) **လျှောက်လွှာပိတ်ရက်နောက်ပိုင်း စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့် လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

**ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ပြုခြင်း**

၇။ ကြော်ငြာပါအရည်အချင်း သတ်မှတ်ချက်နှင့်ညီညွတ်ပြီး သတ်မှတ်ထားသည့် စာရွက်စာတမ်းများပြည့်စုံစွာပူးတွဲပါရှိသော အချိန်မီလျှောက်ထားသည့် လျှောက်လွှာရှင်များကိုသာ အရည်အချင်းစစ် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်သည့် နေ့ရက်ထက်နောက်ကျလျှောက်ထားလာခြင်းကို စနစ်မှ လက်ခံမည်မဟုတ်ပါ။ ရေးဖြေစာမေးပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့များတွင် စာစစ်ဌာန(၅)ခု ဖွင့်လှစ်ကျင်းပမည်ဖြစ်ပါသည်။

၈။ ပြည်ပစာစစ်ဌာနဖွင့်လှစ်၍ ရေးဖြေစာမေးပွဲစစ်ပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တရားဝင်အမှာစာဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ညှိနှိုင်းမေတ္တာရပ်ခံလာခဲ့ပါက သီးခြား အစီအစဉ်တစ်ရပ်အနေဖြင့် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာနက သတ်မှတ်ပေးသည့် ပြည်ပနိုင်ငံရှိ မြန်မာသံရုံးတွင် စာစစ်ဌာန ဖွင့်လှစ် ကျင်းပပေးပါသည်။

၉။ သို့ရာတွင် ပြည်ပနိုင်ငံများတွင် ကာလကြာရှည်ဘွဲ့လွန်သင်တန်း တက်ရောက်နေသူများ (သို့မဟုတ်) အလားတူသင်တန်းတက်ရောက်ရန်လျာထားခြင်း၊ ရွေးချယ်ထားခြင်းခံရသူများကို ရေးဖြေစာမေးပွဲဝင်ရောက် ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၁၀။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရသူများ၏ **ခုံအမှတ်စာရင်း၊ စာမေးပွဲကျင်းပမည့်နေရာနှင့်အချိန်ဇယားတို့ကို စာမေးပွဲရက်မတိုင်မီနှစ်ရက်အတွင်း** နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးနှင့် စာစစ်ဌာနဖွင့်လှစ်ထားရှိသည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ကြေညာပေးထားပြီး၊ စာမေးပွဲအချိန်ဇယားပါရှိသော စာမေးပွဲ

ကန့်သတ်

ဖြေဆိုခွင့်ကတ်ပြားကိုပါ ထုတ်ပေးမည်။ ဖြေဆိုခွင့်ရသူများ ကြေညာမည့်ရက်နှင့် ကတ်ပြား ထုတ်ပေးမည့်နေ့ရက်ကို လျှောက်လွှာခေါ်ယူသည့် ကြော်ငြာတွင် ထည့်သွင်းဖော်ပြမည်။

၁၁။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရသူများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ Website တွင်လည်း ဖော်ပြထားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ပြုသော အကြောင်းကြားစာကို တစ်ဦးချင်းထံ ပေးပို့မည်မဟုတ်ပါ။

**အရည်အချင်းစစ်ဆေးခြင်း**

၁၂။ ကြော်ငြာပါ အရည်အချင်းသတ်မှတ်ချက်နှင့် ညီညွတ်သည့် လျှောက်လွှာရှင်များကိုသာ အရည်အချင်းစစ်ဆေးခြင်းအဆင့်(၂)ဆင့်ဖြင့် စစ်ဆေးရွေးချယ်မည်ဖြစ်ရာ ပထမအဆင့်ဖြစ်သော ရေးဖြေစာမေးပွဲကို ဦးစွာဝင်ရောက်ဖြေဆိုခွင့်ပြုပါမည်။

၁၃။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သုတရေးရာမေးခွန်းလွှာ(၃)ခုကို ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲတွင် ဘာသာစုံဖြေဆိုသူများအနက် အရည်အချင်းပြည့်မီသည်ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့က သတ်မှတ်ပြီး၊ လစ်လပ်ရာထူးဦးရေအရ လိုအပ်သော ဦးရေကိုသာ ဒုတိယအဆင့်ဖြစ်သော စိတ်အခြေအနေစစ်ဆေးခြင်းနှင့် လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်းအတွက် ခေါ်ယူမည်ဖြစ်သည်။

၁၄။ **ရေးဖြေစာမေးပွဲ။** ရေးဖြေစာမေးပွဲတွင် မေးခွန်းလွှာ(၃)ခုကို သတ်မှတ်ခွင့်ပြုချိန်(၂)နာရီစီဖြင့် ၂ ရက်ခွဲ၍ ဖြေဆိုရမည်။ အချို့ရာထူးနေရာများအတွက် အင်္ဂလိပ်စာမေးခွန်းလွှာ သတ်မှတ်ခွင့်ပြုချိန်မှာ(၃)နာရီဖြစ်ပါသည်။ မေးခွန်းလွှာများနှင့် သက်ဆိုင်သော အချက်အလက်များကို နောက်ဆက်တွဲ(ခ)တွင် ဖော်ပြထားပါသည်။

**စိတ်အခြေအနေစစ်ဆေးရန်နှင့်လူတွေ့နှုတ်ဖြေစစ်ဆေးရန် ခေါ်ယူခြင်း**

၁၅။ ရေးဖြေစာမေးပွဲတွင် ဘာသာစုံဖြေဆိုပြီး အရည်အချင်း ပြည့်မီသူများအနက်မှ လစ်လပ်ရာထူးဦးရေအရ လူတွေ့နှုတ်ဖြေ စစ်ဆေးရန် သတ်မှတ်သည့် ဦးရေကိုသာ **စိတ်အခြေအနေ စစ်ဆေးရန်နှင့်လူတွေ့နှုတ်ဖြေစစ်ဆေးရန် ခေါ်ယူမည်ဖြစ်ပါသည်။**


ကန့်သတ်

၁၆။ စစ်ဆေးခံရမည့် လျှောက်လွှာရှင်စာရင်းကို နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည့်အပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website တွင်လည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။ တယ်လီဖုန်းဖြင့်စုံစမ်းလိုပါက ကြော်ငြာနှင့် ဤလမ်းညွှန်စာစောင် အပိုဒ် ၃၁ ၌ ဖော်ပြထားသည့် စုံစမ်းမေးမြန်းခြင်း ခေါင်းစဉ်ငယ်ပါ တယ်လီဖုန်းအမှတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၁၇။ စစ်ဆေးခံရမည့် လျှောက်လွှာရှင် တစ်ဦးချင်းထံသို့ အကြောင်းကြားစာပေးပို့မည်၊ အကြောင်းကြားစာကို စာတိုက်မှ စာဖြင့် (သို့မဟုတ်)သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့ရုံးကတစ်ဆင့် အချိန်မီပေးပို့မည်ဖြစ်သည်။

၁၈။ စစ်ဆေးမှုခံယူရန် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးသို့ လာရောက်သည့် လျှောက်လွှာရှင်များသည် အောက်ပါစာရွက်စာတမ်းများကို တစ်ပါတည်းယူဆောင် လာကြရမည်-

(က) လျှောက်လွှာတင်သွင်းစဉ်ကပါရှိသောအောင်လက်မှတ်၊ အထောက်အထားမူရင်းများ၊

( ခ ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ရာဇဝတ်ပြစ်မှု ကျူးလွန်ဖူးခြင်းနှင့် ပြေး(၄)ပြေးစာရင်းတွင် ပါဝင်ခြင်းမရှိကြောင်းနှင့် ဥပဒေဆန့်ကျင်သော နိုင်ငံရေးလှုပ်ရှားမှု အဖွဲ့အစည်းများတွင် ပါဝင်ခြင်းမရှိကြောင်း ထောက်ခံစာ (ပေးပို့သည့်ရက်မှ (၆)လအတွင်း တောင်းခံခဲ့သည့် ထောက်ခံစာဖြစ်ရမည်။ ထောက်ခံစာတွင် ထောက်ခံသူ၏အမည်၊ ရာထူး၊ ကိုယ်ပိုင်အမှတ်နှင့် ရုံးတံဆိပ်တို့ ပြည့်စုံစွာပါရှိရမည်။)

( ဂ ) ကျန်းမာကြောင်းဆေးလက်မှတ် [ ကျန်းမာရေးဝန်ကြီးဌာန(သို့မဟုတ်) ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၏ လက်အောက်ရှိ ဆေးရုံ/ဆေးခန်းမှ ဆရာဝန်တစ်ဦး၏ ထောက်ခံချက်လက်မှတ်၊ အမည်၊ ရာထူး၊ ပြန်တမ်းဝင်(သို့မဟုတ်) ဆမအမှတ်၊ ဌာနဆိုင်ရာ ရုံးတံဆိပ်ပါရှိရမည်။]

ကန့်သတ်

၁၉။ စစ်ဆေးမှုခံယူရန်အဖွဲ့ရုံးသို့ လာရောက်သတင်းပို့ချိန်တွင် လျှောက်လွှာရှင်၏ နောက်ဆုံးအခြေအနေကို သိရှိနိုင်ရန် ကိုယ်ရေးအချက်အလက်ပုံစံတစ်ခုကို ဖြည့်စွက်ရပါမည်။ လူတွေ့စစ်ဆေးခံယူရန် အကြောင်းကြားသည့်အခါ ယင်းပုံစံကို အကြောင်းကြားစာတွင် ပူးတွဲပေးပို့ပါမည်။

၂၀။ စိတ်အခြေအနေစစ်ဆေးခြင်း။ ။ စစ်ဆေးမှုခံယူရန် လာရောက်ကြသည့် လျှောက်လွှာရှင်များသည် ပထမရက်တွင် စိတ်အခြေအနေစစ်ဆေးခြင်းခံယူရပါမည်။ နံနက်ပိုင်းတွင် စိတ်အခြေအနေစစ်ဆေးရေးဌာနမှ အသင့်ပြုစုထားသည့် မေးခွန်းပုံစံကို စာမေးပွဲပုံသဏ္ဌာန်ဖြည့်စွက်ဖြေဆိုရပါမည်။ မွန်းလွဲပိုင်းတွင် စိတ်စစ်ဆေးရေးအရာရှိက လျှောက်လွှာရှင်တစ်ဦးချင်း ဖြည့်စွက်ဖြေဆိုထားသည့် အဖြေလွှာပုံစံကို အခြေခံ၍ တစ်ဦးချင်း **လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ စိတ်အခြေအနေစစ်ဆေးတွေ့ရှိချက်ကို လူတွေ့ နှုတ်ဖြေစစ်ဆေးမည့် အဖွဲ့ဝင်များထံ တင်ပြထားမည်ဖြစ်သည်။**

၂၁။ **လူတွေ့နှုတ်ဖြေစစ်ဆေးခြင်း။ ။ ဒုတိယရက်တွင် လူတွေ့ နှုတ်ဖြေ စစ်ဆေးမှုခံယူရန် လာရောက်ကြသည့် လျှောက်လွှာရှင်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များက လူတွေ့နှုတ်ဖြေစစ်ဆေးမှုအပြီးသတ် ပြုလုပ်မည်ဖြစ်ပါသည်။ တည်ဆဲအကဲဖြတ်ချက်များမှာ လူအကဲဖြတ်ခြင်း၊ အထွေထွေဗဟုသုတစစ်ဆေးခြင်းနှင့် လုပ်ငန်းဗဟုသုတစစ်မေးခြင်းများ ပါဝင်မည်ဖြစ်ပါသည်။**

**အထူးသတိပြုရန် အချက်အလက်များ**

၂၂။ လျှောက်လွှာတင်သွင်းရန် စာမေးပွဲဝင်ကြေးငွေပေးသွင်းသော ငွေသွင်းချလန်တွင် ချလန်အမှတ်၊ ဘဏ်တံဆိပ်နှင့် ရက်စွဲပါရှိရပါမည်။

၂၃။ လျှောက်လွှာပိတ်ရက်အမီ စာမေးပွဲဝင်ကြေးငွေပေးသွင်းခြင်း၊ လျှောက်လွှာပေးပို့ခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၂၄။ လျှောက်ထားစဉ်က နိုင်ငံ့ဝန်ထမ်းမဟုတ်သော်လည်း လျှောက်ထားစဉ်ကာလအတွင်း နိုင်ငံ့ဝန်ထမ်းဖြစ်လာပါက ရာထူးလျှောက်ထားခြင်းကို ကန့်ကွက်ရန်မရှိကြောင်း မိမိလက်ရှိ တာဝန်ထမ်းဆောင်ရာ ဌာနတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ကို လူတွေ့စစ်ဆေးသောအခါ တင်ပြရမည်ဖြစ်ပါသည်။ တင်ပြနိုင်ခြင်းမရှိပါက လူတွေ့စစ်ဆေးခံယူခွင့်ပြုမည်မဟုတ်ပါ။


ကန့်သတ်

၂၅။ ပြင်ပပုဂ္ဂိုလ်အနေဖြင့် ရေးဖြေစာမေးပွဲဖြေဆိုကာ လူတွေ့စစ်ဆေးဖြေဆိုရန်ခေါ်ယူခြင်းခံရသူသည် ယခင်နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူဖြစ်ပါက ယင်းဌာနမှ နုတ်ထွက်ခွင့်ပြုသည့် ရုံးအမိန့်စာမူရင်းနှင့် မိတ္တူကို ယူဆောင်တင်ပြရန်နှင့် တင်ပြနိုင်ခြင်းမရှိပါက လူတွေ့စစ်ဆေးခံယူခွင့်ပြုမည်မဟုတ်ပါ။

၂၆။ လက်ရှိနိုင်ငံ့ဝန်ထမ်းများသည် ဝန်ကြီးဌာနခွင့်ပြုစာရရှိရေးကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုစာကို လျှောက်လွှာပိတ်ပြီး ရက်သတ္တ(၂)ပတ်အတွင်း နောက်ဆုံးထား၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပြီး သတ်မှတ်ရက်အတွင်း ပေးပို့နိုင်ခြင်းမရှိပါက ရေးဖြေစာမေးပွဲဖြေဆို ခွင့်ပြုမည်မဟုတ်ပါ။

၂၇။ ရာထူးရရှိရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဥက္ကဋ္ဌအပါအဝင် မည်သူ့ကိုမှ တံစိုးလက်ဆောင်လာဘ်ပေးရန်မလိုပါ။ တံစိုးလက်ဆောင် လာဘ်ပေးရန် ကြိုးစားသူအား တည်ဆဲပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူပါမည်။

၂၈။ ရာထူးရွေးချယ်ခန့်ထားမှုကို ဆောင်ရွက်ပေးနိုင်သည့် ပွဲစားမရှိပါ၊ ပွဲစားအယောင်ဆောင်သူများကိုလည်း ဖော်ထုတ်အရေးယူနိုင်ရန် သတင်းပေးခြင်းဖြင့် ကူညီပါ။

၂၉။ ရေးဖြေစာမေးပွဲတွင် မသမာသောနည်းဖြင့် ဖြေဆိုရန်ကြိုးပမ်းသည်ကို စစ်ဆေးတွေ့ရှိရပါက ပထမအကြိမ် ကျူးလွန်မှုအတွက်(၂)နှစ်အတွင်း ဤအဖွဲ့က ကြော်ငြာခေါ်သော ရာထူးများသို့ လျှောက်ထားခြင်း ခွင့်ပြုမည်မဟုတ်ပါ။ ဖြေဆိုရန် တားမြစ်သည့်(၂)နှစ်တာကာလနောက်ပိုင်းတွင် ဒုတိယအကြိမ်ထပ်မံကျူးလွန်ပါက အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ ရာသက်ပန် လျှောက်ထားခွင့်ပြုမည်မဟုတ်ပါ။

၃၀။ ရေးဖြေစာမေးပွဲတွင် မသမာသောနည်းဖြင့် ဖြေဆိုသူသည် ဝန်ထမ်းဖြစ်ပါက ၎င်း၏ မသမာသောနည်းဖြင့် ဖြေဆိုမှုကို သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တရားဝင်အသိပေး အကြောင်းကြားပြီး ဌာနဆိုင်ရာ အရေးယူခြင်းခံရပါမည်။

ကန့်သတ်

**စုံစမ်းမေးမြန်းခြင်း**

၃၁။ ကြော်ငြာ၌ ဖော်ပြပါ အကြောင်းအရာများနှင့် ပတ်သက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇) ၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇ – ၃၄၀၉၀၅၂၊ ၀၆၇ – ၃၄၀၉၄၃၀၊ ၀၉ – ၄၂၄၄၀၈၉၅၄၊ ၀၉ – ၄၂၀၇၀၆၆၀၅၊ ၀၉ – ၄၂၀၇၀၆၆၀၆၊ ၀၉ – ၇၉၇၇၂၇၆၉၆၊ ၀၉ – ၄၄၁၉၃၇၃၄၃ နှင့် ၀၉ – ၂၆၂၅၀၂၉၈၈ များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အထွေထွေ**

၃၂။ ဤလမ်းညွှန်ချက်စာစောင်နှင့်လျှောက်လွှာပုံစံတို့ကို နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ( ရန်ကုန်ရုံးခွဲ )နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံး များတွင် ဝယ်ယူနိုင်ပါသည်။

၃၃။ ဤလမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သော www.ucsb.gov.mm နှင့် Myanmar National Web Portal တို့တွင် ကြည့်ရှုနိုင်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**


ကန့်သတ်

ကန့်သတ်


စနစ်အတွင်းသို့ဝင်ရောက်၍ မိမိ၏ email Address အသုံးပြုပြီး e-RSS စနစ်တွင် အသုံးပြုမည့် မိမိ၏ လျှို့ဝှက်ကုတ် (Password) ဖြင့် မှတ်ပုံတင် (Signup) ပြုလုပ်ပါ။








ကန့်သတ်

ကန့်သတ်

ထိုအခါ **Figure** (2) တွင် ပြထားသည့်အတိုင်း စနစ်အတွင်းသို့ဝင်ရောက်၍ လျှောက်ထားနိုင်ရန်အတွက် မိမိ၏ မှတ်ပုံတင်ထားသော အီးမေးလ်လိပ်စာ (Email Address)နှင့် e-RSS တွင် မှတ်ပုံတင်ခဲ့သော လျှို့ဝှက်ကုတ် (Password) ကို ရိုက်ထည့်၍ **Login** ကို နှိပ်ကာ စနစ်အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။





ကန့်သတ်

Figure 4: OTP Code

ထို့နောက် စနစ်မှ အသုံးပြုသည့် ထည့်သွင်းထားသည့် အီးမေးလ်လိပ်စာသို့ ပေးပို့လာသည့် OTP Code ကို Figure (4.1) တွင် ပြထားသည့်အတိုင်း ထည့်သွင်း၍ **Verify** ကိုနှိပ်ပါ။




Figure 4.1: Send Verification Code


Union Civil Service Board
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ပင်မစာမျက်နှာ
အလုပ်ခေါ်စာများ
လျှောက်ထားပြီးသောအလုပ်ခေါ်စာများ
ဆက်သွယ်ရန်
ကိုယ်ရေးအချက်အလက်
ဖြေဆိုခွင့်ကဒ်ပြား
အသိပေးချက်များ
စကားဝှက်ပြောင်းရန်
ထွက်ရန်


Union Civil Service Board
ပြည်ထောင်စုရာထူးဝန်အဖွဲ့
THE REPUBLIC OF THE UNION OF MYANMAR
Union Civil Service Board
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ဝန်ကြီးဌာန/ရာထူး/ဦးစီးဌာနအမည်ဖြင့်ရှာရန်
ခေါ်ယူထားသောရာထူးများ
ကြေညာစာအမှတ်: ၂/၂၀၂၁
ပိတ်သိမ်းမည့်နေ့ : 2021-05-06
အသေးစိတ်ကြည့်ရန်
ရာထူး : Officer
လျှောက်ထားပြီး
ဝန်ကြီးဌာန : MOHS
ဦးစီးဌာန : Department of Public Health
ကြေညာစာအမှတ်: ၅/၂၀၂၁
ပင်မစာမျက်နှာ
အလုပ်ခေါ်စာများ
Notifications
ကိုယ်ရေးအချက်အလက်

## လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များဖြည့်သွင်းခြင်း






## စာရွက်စာတမ်းများပူးတွဲပေးပို့ခြင်း






ကန့်သတ်




စာရွက်စာတမ်းများ
စာရွက်စာတမ်းများပြည့်ရန်
တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်
အထက်တန်းအောင်မြင်ကြောင်း ထောက်ခံစာ
အလုပ်သမားမှတ်ပုံတင်
ဘွဲ့လက်မှတ်
2 file added
နောက်ဆုံးအမှတ်စာရင်း
အခြားကျွမ်းကျင်မှုများ
2 file added
နိုင်ငံသားစိစစ်ရေးကဒ်ပြားအရှေ့ဘက်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအနောက်ဘက်
နောက်သို့
DONE
ပင်မစာမျက်နှာ
အလုပ်ခေါ်စာများ
အသိပေးချက်များ
ကိုယ်ရေးအချက်...



ကန့်သတ်

ကန့်သတ်

**အလုပ်ခေါ်စာများကြည့်ရှုခြင်း**





ကန့်သတ်

ကန့်သတ်




ကြေညာစာအမှတ်: ၂/၂၀၂၁
ဝန်ကြီးဌာန/ရာထူး/ဦးစီးဌာနအမည်ဖြင့်ရှာရန်
စတင်သည့်နေ့: 2021-03-21
ပိတ်သိမ်းမည့်နေ့: 2021-03-21
ရာထူး : Officer
လစ်လပ် : 22
ဝန်ကြီးဌာန : MOHS
ဦးစီးဌာန : Department of Public Health
ရာထူး : Officer
လစ်လပ် : 22
ဝန်ကြီးဌာန : MOHS
ဦးစီးဌာန : Department of Public Health
ရာထူး : Officer
လစ်လပ် : 22
ဝန်ကြီးဌာန : MOHS
ဦးစီးဌာန : Department of Public Health



ကန့်သတ်

ကန့်သတ်

## ကြော်ငြာပါရာထူးအားအသေးစိတ်ကြည့်ရှုခြင်း





ကန့်သတ်

ကန့်သတ်


**ငွေပေးချေမှုရွေးချယ်ခြင်း**




**Online Banking ဖြင့်ငွေပေးချေခြင်း**





ကန့်သတ်

ကန့်သတ်



ကန့်သတ်

## ကြော်ငြာပါရာထူးအားလျှောက်ထားခြင်း




ကန့်သတ်

ကန့်သတ်

ကန့်သတ်

ကန့်သတ်






ကန့်သတ်

ကန့်သတ်


အလုပ်လျှောက်ထားရန်
အလုပ်လျှောက်ထားရန်
စာမေးပွဲဝင်ကြေးပေးသွင်းသည့်ချလံအမှတ်
if
ပေးသွင်းသည့်ရက်စွဲ
2021-08-20
ပေးသွင်းသည့်ဘဏ်ခွဲ
npt
ချလံ
IMG-4af550
Browse
Verify Code
VERIFY

## စနစ်တွင်အသိပေးချက်များကြည့်ရှုခြင်း



## စနစ်တွင် ဖြေဆိုခွင့်ကတ်ပြားအား ကြည့်ရှုခြင်း






## လျှောက်ထားသူ၏ ဖြေဆိုခွင့်ကတ်ပြား



## ပြည်ထောင်စုရာထူးဝန်အဖွဲ့က စစ်ဆေးသည့် ရေးဖြေစာမေးပွဲ၏ မေးခွန်းများနှင့် သက်ဆိုင်သောအချက်အလက်များ

**မြန်မာစာ**

မြန်မာစာအရေးအသားကျွမ်းကျင်မှုနှင့် ပြည်သူ့ဝန်ထမ်းလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ ပြည်သူ့ဝန်ထမ်းကိုယ်ကျင့်တရားဆိုင်ရာ အရည်အချင်းများကို အောက်ပါအတိုင်း စစ်ဆေးမည် ဖြစ်ပါသည်။

(၁) ပေးထားသောခေါင်းစဉ် ၂ခုအနက် ၁ခုကို စာလုံးရေ ၅၀၀ ခန့် မှတ်စုရေးသားခြင်း။ (အမှတ်၂၀)
(ပြည်သူ့ဝန်ထမ်းလုပ်ငန်းဆိုင်ရာ တစ်ပုဒ်၊ ပြည်သူ့ဝန်ထမ်း ကိုယ်ကျင့်တရားဆိုင်ရာ တစ်ပုဒ်)

(၂) ပေးထားသောအင်္ဂလိပ်စာပိုဒ်ကို မြန်မာဘာသာပြန်ဆိုခြင်း။ (အမှတ်၂၀)
(ပြည်သူ့ဝန်ထမ်းဆိုင်ရာ အင်္ဂလိပ်စာပိုဒ်)

(၃) (က) စာလုံးပေါင်းသတ်ပုံ အမှား အမှန် ရွေးခြင်း။ (၁၀မှတ်)
(ခ) ဝေါဟာရများကို အဓိပ္ပါယ် မှန်ကန်ပေါ်လွင်အောင် ဝါကျတစ်ခုစီတွင် အသုံးပြုခြင်း။ (၁၀မှတ်)

(၄) ဖော်ပြချက်တစ်ရပ်ကို အနှစ်ချုပ်ရေးသားခြင်း (အမှတ် ၂၀)

(၅) ရုံးစာအရေးအသား။ (အမှတ် ၂၀)
(အလုပ်လျှောက်စာ၊ ခွင့်စာ၊ ကြေညာစာ၊ အမှာစာ၊ အစည်းအဝေးဖိတ်စာ၊ အစည်းအဝေးမှတ်တမ်း- စသည့်ရုံးစာရေးနည်းဆိုင်ရာများ)

**လေ့လာဖတ်ရှုရန် –**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ – ရုံးလုပ်ငန်းလက်စွဲ

(၂) ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန– လုပ်ငန်းသုံးမြန်မာစာ

(၃) ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန– အသုံးချမြန်မာစာ

(၄) မောင်ခင်မင် (ဓနုဖြူ)– ရုံးသုံးမြန်မာစာရေးသားနည်း

(၅) နေ့စဉ်ထုတ်နိုင်ငံတော်ပိုင်သတင်းစာများ

**အင်္ဂလိပ်စာ**

အင်္ဂလိပ်စာရေးသားနိုင်စွမ်းနှင့် နားလည်သဘောပေါက်မှု အရည်အချင်းကို အောက်ပါအတိုင်း စစ်ဆေးမည်ဖြစ်ပါသည် -

၁။ ပေးထားသည့်စာပိုဒ်ကို ဖတ်ပြီး မေးခွန်းများကို ဖြေဆိုခြင်း။ (၁၀မှတ်)

၂။ (က) ပေးထားသည့်ဝါကျတွင် ပါရှိသော အမှားကို ပြင်ဆင်ခြင်း။ (၁၀မှတ်)

(ခ) ဝါကျတွင် ပေးထားသော ကွက်လပ်ကို ဖြည့်ခြင်း။ (၁၀မှတ်)

(ဂ) ညွှန်ကြားချက်နှင့်အညီ ပေးထားသော ဝါကျများကို ပြန်ရေးခြင်း။ (၁၀မှတ်)

၃။ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုခြင်း။ (၂၀မှတ်)

၄။ ပေးထားသည့်အဆိုကို သဘောတူ၊ မတူ မိမိအမြင်ကို တင်ပြခြင်း။ (၂၀မှတ်)

၅။ စာစီစာကုံးရေးသားခြင်း။ (၂၀မှတ်)

**သုတရေးရာ**

သုတရေးရာဘာသာရပ် မေးခွန်းလွှာနှင့်ပတ်သက်၍ မြန်မာ့သုတရေးရာနှင့် ကမ္ဘာ့သုတရေးရာများကို အောက်ပါအတိုင်း စစ်မေးမည်ဖြစ်ပါသည် -

၁။ ဓမ္မဓိဋ္ဌာန်မေးခွန်း (မေးခွန်းအားလုံးဖြေဆိုရန်) (အမှတ် ၂၀)

(က) မှန်သောအဖြေကို ရွေးချယ်ပါ။

( ခ ) မှား၊ မှန် ရွေးချယ်ပါ။

( ဂ ) ကွက်လပ်ဖြည့်ပါ။

(ဃ) မေးခွန်းများကိုဖြေပါ။

၂။ မေးခွန်းတိုမေးခွန်း (၄ပုဒ်မေး –၂ပုဒ်ဖြေဆိုရန်) (အမှတ် ၂၀)

မြန်မာနှင့် ကမ္ဘာ့သုတရေးရာများတွင် အခြေခံပြဿနာတစ်ရပ်ရပ်ကို ဦးတည်၍ အဖြေဖော်ထုတ်ခြင်းကိုစစ်ဆေးသည့်မေးခွန်းဖြစ်ပါသည်။ ဥပမာ–ယဉ်ကျေးမှု၊ သမိုင်း၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစသော နယ်ပယ် တစ်ခုခုကိုအခြေခံသော ပြဿနာကို မိမိအမြင်ဖြင့် လေ့လာဆန်းစစ်စေခြင်းဖြစ်ပါသည်။

၃။ မေးခွန်းရှည်မေးခွန်း (၂ပုဒ်မေး ၁ပုဒ်ဖြေဆိုရန်) (အမှတ် ၂၀)

မြန်မာ့ချက်မှောက်ရေးရာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဘက်ပေါင်းစုံမှ စိစစ် သုံးသပ်ခြင်းကို စစ်ဆေးသော မေးခွန်းဖြစ်ပါသည်။

၄။ မေးခွန်းရှည်မေးခွန်း (၂ပုဒ်မေး ၁ပုဒ်ဖြေဆိုရန်) (အမှတ် ၂၀)

ကမ္ဘာ့ချက်မှောက်ရေးရာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဘက်ပေါင်းစုံမှစိစစ် သုံးသပ်ခြင်းကို စစ်ဆေးသောမေးခွန်းဖြစ်ပါသည်။

ဥပမာ – နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုစီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ သဘာဝဘေးအန္တရာယ်များ၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာတိုးတက်မှုများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများအပေါ် အခြေခံသော မေးခွန်းများကို မိမိအမြင်ဖြင့် လေ့လာဆန်းစစ်စေခြင်းဖြင့် ဖြေဆိုရမည့်မေးခွန်းဖြစ်ပါသည်။

၅။ ဝန်ထမ်းကျင့်ဝတ်နှင့်သက်ဆိုင်သောမေးခွန်း (၂ ပုဒ်မေး – ၁ပုဒ်ဖြေဆိုရန်) (အမှတ် ၂၀)

အုပ်ချုပ်မှုစွမ်းရည်၊ ဦးဆောင်နိုင်မှုစွမ်းရည်နှင့် အရင်းခံပြဿနာကို ဖော်ထုတ်နိုင်မှုစွမ်းရည်များကို ဆန်းစစ်မည့်မေးခွန်းဖြစ်ပါသည်။

ဥပမာ – good governance ကို မည်သို့နားလည်ပုံ၊ အဂတိလိုက်စားမှု ထိန်းချုပ်ပုံ၊ တရားဥပဒေစိုးမိုးရေး၊ ဝန်ထမ်းတစ်ဦး လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတစ်ဦးအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် Civic Duty ကဲ့သို့သော ပြည်သူ့နီတိဆိုင်ရာကျင့်ဝတ်၊